# (၅၅)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ

# ကူမင်းပန်းစျေးကွက် အလားအလာနှင့် အေးရှားဖလားဝါးမောမြန်မာကုမ္ပဏီလီမိတက်၏ ပန်းနှင့် အလှစိုက်ပင်များ ထုတ်လုပ်မှု အခြေအနေ

ဒေါ်ဖွေးဖွေးသန့်
ဒါရိုက်တာ
အေးရှားဖလားဝါးမောမြန်မာကုမ္ပဏီလီမိတက်

နေရာ - စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်း
ရက်စွဲ - ၇.၁၂.၂၀၂၄

# ကုမ္ပဏီမိတ်ဆက်

Asia Flower Mall Myanmar Co., Ltd.ကို 2019 ခုနစ်တွင် တည်ထောင်ခဲ့ပါသည်။ အဓိကအားဖြင့် ပန်းနှင့်အလှစိုက် ပန်းပင်များ တင်သွင်းခြင်း၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ၊ ခေတ်မီစိုက်ပျိုးနည်းပညာများ ဖလှယ်ခြင်း၊ ဖြန့်ဝေပေးခြင်း တို့ကို လုပ်ကိုင်နေပါသည်။

# ကုမ္ပဏီ၏မျှော်မှန်းချက်

- ၁. ပန်းစိုက်တောင်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်။
- ၂. ဈေးကွက်လိုအပ်သော အရည်အသွေးကောင်း ပန်းများကို နိုင်ငံခြားမှ တင်သွင်းမှုကို လျှော့ချနိုင်ရေးနှင့် ပြည်တွင်း၌ စိုက်ပျိုးရောင်းချနိုင်ရေး။
- ၃. နိုင်ငံခြားငွေ သုံးစွဲမှုကို တဘက်တလမ်းမှ လျှော့ချနိုင်ရေး။
- ၄. ပြည်တွင်းဈေးကွက် ဖူလုံစေရန်သာမက နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရေး။
- ၅. ပန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

# ၁။သွင်းကုန်ကဏ္ဍ

၂၀၁၉ ခုနှစ်မှ ယနေ့အချိန်အထိ ဖြတ်ပန်းတန်ချိန် ၈၅၀ကျော်၊ ပန်းအမျိုးအစားပေါင်း ၂၀ကျော်ကို အရှေ့တောင်အာရှ အကြီးဆုံး ပန်းဈေး Dou Nan Flower Market တည်ရှိရာ ကူမင်းမြို့မှ ရန်ကုန်မြို့ထိ တိုက်ရိုက်လေကြောင်းလိုင်းဖြင့် ဖြန့်ဖြူးပြီး ဖြစ်ပါသည်။

# ကူမင်းလေဆိပ်တွင် ပန်းဖာများကို လေယာဉ်ပေါ် တင်ဆောင်နေပုံ



# ပန်းအရောင်းအဝယ်လုပ်ရန် ဘာကြောင့်ရွေးချယ်ခဲ့တာလဲ။

- မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဝင်များသည့် နိုင်ငံဖြစ်ပြီး လီလီပန်းကို အမြတ်တနိုး ဘုရားပန်း ပူဇော်ရန် လိုလားသော လူတန်းစားအလွှာတစ်ခုအတွက် ပန်း တင်သွင်းခြင်း စတင်ခဲ့သည်။

- ၂၀၁၀ ခုနှစ် အောက်တိုဘာလမှ စတင်၍ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတဆင့် လီလီပန်းများတင်သွင်းခဲ့သည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တစ်လတွင် ၂၇ရက်နှုန်း၊ တစ်ကြိမ်လျှင် ၁၅၀၀ ကီလိုဂရမ်နှုန်းဖြင့် တစ်လလျှင် တန်၄၀ကျော် တင်သွင်းခဲ့သည်။


- ၂၀၁၉ခုနှစ် နောက်ပိုင်းမှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တစ်လလျှင် တန်၂၀ကျော်နှုန်းဖြင့် တင်သွင်းခဲ့သည်။
- လက်ရှိအချိန်တွင် လီလီပန်းသည် တစ်ကီလိုလျှင် မြန်မာကျပ်ငွေ ၆သောင်းခန့် ရှိသောကြောင့် တန်၂၀လျှင် မြန်မာကျပ်ငွေသိန်း၁၂၀၀၀ခန့် ရှိပါသည်။

- အထက်ဖော်ပြချက်များသည် ကျွန်မတို့ Asia Flower Mall Myanmar Co.,Ltd မှတင်သွင်းခဲ့သော တန်ချိန်များဖြစ်ပါသည်။

# တင်သွင်းလာသော ပန်းများအား ဘယ်ကိုပို့လဲ၊ ဘယ်မှာသုံးလဲ။

- တင်သွင်းလာသော ပန်းများကို မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ကြီးမြို့ရှိ ပန်းလက်ကားဆိုင်များသို့ တင်သွင်းခဲ့ပါသည်။
- နောက်ပိုင်းတွင် အလှပန်းထိုးဆိုင်များ ခေတ်စားလာသည်နှင့်အမျှ ပန်းများကို ဈေးထဲရှိ လက်ကားဒိုင်ပေးသော ပန်းဆိုင်ကြီးများအပြင် အလှပန်းလက်ကားပေးသော အပြင်ပန်းဆိုင်များကိုလည်း တင်သွင်းခဲ့ပါသည်။

- ၂၀၁၈ခုနှစ်တွင် ရန်ကုန် နှင့် မန္တလေးမြို့တွင် အလှပန်းထိုးပန်းဆိုင် Customerပေါင်း  ၁၁၀ ရှိခဲ့သည်။








# ၂၀၁၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပန်း၏ ရေပန်းစားမှု ပြောင်းလဲလာပုံများ

- ယခင်က ပန်းကို ဘုရားပန်းလှူရန်သာ အများဆုံး အသုံးပြုကြသည်။ ပွဲအခမ်းအနားတွင် သုံးကြသည်များလည်း ရှိပါသည်။
- ယခုအချိန်တွင် မြန်မာလူထု၏ နေထိုင်မှုပုံစံ ပြောင်းလဲလာသည်နှင့်အမျှ ပန်းများကိုလည်း တွင်တွင်ကျယ်ကျယ် သုံးလာကြပါသည်။ စားသောက်ဆိုင်၊ ဟိုတယ်၊ ဈေးဝယ်စင်တာ၊ ရုံးခန်းများတွင်ပါ အလှပန်းအိုး ထိုးလာကြသည်။ ချစ်သူများနေ့၊ အမေများနေ့၊ ခရစ်စမတ်၊ မွေးနေ့ ပါတီများတွင် ပန်းများဖြင့် အလှဆင်ခြင်း၊ ပန်းစည်းများ လက်ဆောင်ပေးခြင်း များလည်း ပိုမိုခေတ်စားလာသည်။

# ပန်းအကြောင်း အကျယ်တဝင့် ပြောနေတာ ဘာအတွက်ကြောင့်လဲ။

- ၁။ ဈေးကွက်လိုအပ်ချက်အရ မြန်မာနိုင်ငံတွင် တွေ့ရနည်းသော ပန်းအမျိုးအစားများကို တရုတ်နိုင်ငံမှ တင်သွင်းခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အရည်အသွေးကောင်း ဆန်းသစ်သော ပန်းများကို တန်ဖိုးကြီး သော်လည်း ကြိုက်နှစ်သက်ကြသော ပန်းချစ်သူများလည်း အများအပြားရှိသောကြောင့် နိုင်ငံခြားမှ တင်သွင်းခဲ့ရခြင်း ဖြစ်ပါသည်။

# ပန်းအကြောင်း အကျယ်တဝင့် ပြောနေတာ ဘာအတွက်ကြောင့်လဲ။

- ၂။ ဒါဆိုရင် တရုတ်နိုင်ငံက တင်သွင်းသည့် ပန်းနှင့် နိုင်ငံအတွင်း စိုက်ပျိုးထားသည့် ပန်းက ဘာတွေ ကွာခြားချက်ရှိနေလို့လဲ။ အရည်အသွေးကောင်းပြီး Customer ကြိုက်တဲ့ပန်းတွေကို နိုင်ငံခြားကနေ မတင်သွင်းဘဲ နိုင်ငံတွင်းရှိ တောင်သူတွေ စိုက်ပျိုးပြီး ပြည်တွင်းဈေးကွက် ဖူလုံအောင် ဖြည့်စွက်ပေးနိုင်မလား။

# တရုတ်နိုင်ငံရှိ ဂန္ဓမာပန်းက ဘယ်လိုလဲ၊ ဘယ်မှာသုံးလဲ။

- ပန်းဂန္ဓမာနှင့် စားဂန္ဓမာဟူ၍ အကြမ်းဖျင်းအားဖြင့် ၂မျိုးရှိပါသည်။
- ပန်းဂန္ဓမာကို ဘုရားပန်း၊ စားပွဲတင်အလှပန်း၊ ပန်းစည်း၊ အခြောက်ခံပန်းများ ပြုလုပ်လေ့ရှိပါသည်။
- စားဂန္ဓမာကို အခြောက်ခံ၍ ရေနွေးကြမ်း သောက်ရာတွင်လည်း၊ ဟင်းရည်ချက်ရာတွင် လည်းကောင်း အသုံးပြုပါသည်။


瑞白
小女孩
肯尼迪白
三文鱼小菊
红丝绒小菊
典韵小菊
小太阳小菊
抹茶绿小菊
金色酒杯小菊
香草沙拉
肯尼奶黄
绿精灵
蓝莓小菊
草莓熊小菊
流星雨小菊
红梅小菊
布鲁诺粉小菊
布鲁诺橙小菊
草莓蛋糕小菊
粉色三文鱼小菊
马蒂斯小菊
群英小菊
荷包蛋小菊
弥勒粉小菊
白色乒乓菊
紫色乒乓菊
哈雷小菊
布鲁诺绿小菊
香槟小菊
瑞黄小菊
绿森林小菊
瑞白小菊
粉色乒乓菊
红色乒乓菊




小红书号：108290068


Handmade
Flower Soap







# ဂန္ဓမာပန်းအတွင်း ပါဝင်သော ဓာတ်သဘာဝများနှင့် အကျိုးကျေးဇူးများ

- Chrysanthemum glycoside
- Vitamin B1
- Amino Acids

- အိုမင်းမှုကို လျှော့ချစေ
- သွေးတိုးခြင်းကို လျှော့ချစေ
- ကိုယ်တွင်းအပူငြိမ်းစေ
- မျက်စိအားကောင်း

# တရုတ်နိုင်ငံမှ နှင်းဆီပန်းက ဘယ်လိုလဲ၊ ဘယ်မှာသုံးလဲ။

- ပန်းနှင်းဆီနှင့် စားနှင်းဆီဟူ၍ အကြမ်းဖျင်းအားဖြင့် ၂မျိုးရှိပါသည်။
- ပန်းနှင်းဆီကို ဘုရားပန်း၊ စားပွဲတင်အလှပန်း၊ ပန်းစည်း၊ အခြောက်ခံပန်းများ ပြုလုပ်လေ့ရှိပါသည်။
- စားနှင်းဆီကို အခြောက်ခံ၍ ရေနွေးကြမ်းသောက်ရာတွင်လည်း၊ မုန့်လုပ်ရာတွင်လည်းကောင်း အသုံးပြုပါသည်။


洛神
凯拉
美琴
雅致
苏醒
艾莎
女娲
戴安娜
粉荔枝
武媚娘
粉红雪山
桃红雪山
气场
貂蝉
珂赛特
紫禁城
曼塔
旋风
邦特威
紫美人
月光曲
多洛塔
紫霞仙子
海洋之歌
小乔
绿韵
绿柠檬
双子座
青云
春意
夏雨荷
青草地
薄荷茶
尼罗娜
绿舞裙
绿色安妮
骄傲
江南
凝脂
白雪山
泰勒
烛光
坦尼克
白荔枝
冰心
破冰者
婚礼之路
纯金少女
富克
高盛
天王
美酒
布丁
蓝莓
桃夭
卡门
达西
珂莱尔
弗洛伊德
糖果雪山
流沙
曼塔
朧月
貴族
貂蟬
沙丘
失憶
邦尼
卡哈拉
調香師
卡布奇諾
咖啡拿鐵
香槟
辉煌
回忆
契机
闪耀
月华
太阳神
奶油杯
金香玉
双子座
月光漫步
月光女神
传奇
自由
荣耀
爱慕
新娘
神话
火神
可乐
铿锵
保真
朱砂
黑金




自制玫瑰花酱






HERA
NATURE
ROSE OIL
ANTIOXIDANT
FACE • BODY • HAIR
BULGARIAN ROSE OIL
JOJOBA OIL
ROSEHIP OIL
1 FL OZe / 30 ML


CHANCE
CHANEL
CHANEL





# နှင်းဆီပန်းမှ ရရှိနိုင်သော အကျိုးကျေးဇူးများ

- အသားအရည်လှပစေ
- အမျိုးသမီးများ လစဉ်ဝေဒနာများသက်သာစေ
- သွေးသားကောင်းမွန်စေ

# ကူမင်းမြို့ရှိ Dou Nan ပန်းဈေးကြီး


- တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ Dou Nan ပန်းဈေးကွက်ကြီးသည် အာရှတွင် အကြီးဆုံးဖြစ်၍ စတုရန်းမီတာ ၂၈၀၀၀၀ (ကေ၇၀ကျော်) ကျယ်ဝန်းပြီး ပန်းလုပ်ငန်းလုပ်ကိုင်သူ ၃၀၀၀၀ကျော်ရှိပါသည်။

- တရုတ်နိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်နှင့် နိုင်ငံပေါင်း ၄၆ နိုင်ငံကို ပန်းများ တင်ပို့လျှက်ရှိပါသည်။

# ၂ - စိုက်ပျိုးခြင်းကဏ္ဍ

ဖြတ်ပန်းနှင့် အလှပန်းပင်များ စိုက်ပျိုးရောင်းချခြင်း၊
မြန်မာနိုင်ငံနှင့် ကိုက်ညီသော စိုက်ပျိုးရေး နည်းပညာများအား
စမ်းသပ်တီထွင်ခြင်းနှင့် ဖြန့်ဖြူးရေးများကိုလည်း
လုပ်ကိုင်နေပါသည်။ လက်ရှိအချိန်တွင် မန္တလေးတိုင်း၊
ပြင်ဦးလွင်ခရိုင်၊ ပွဲကောက်ရွာ၊ စုပေါင်းခြံတွင်
ဖြတ်ပန်းအမျိုးအစားပေါင်း ၇မျိုးနှင့် အလှစိုက် ပန်းပင်
အမျိုးအစားပေါင်း ၁၄ မျိုးကို ဧက ၃၀ ကျော်၌
စိုက်ပျိုးလျက်ရှိပါသည်။

# ပြင်ဦးလွင်စိုက်ခင်းတည်နေရာပြမြေပုံ



# ပြင်ဦးလွင်စိုက်ခင်းတွင် လက်ရှိစိုက်ပျိုးထားပုံ



# ပြင်ဦးလွင်စိုက်ခင်းတွင် လက်ရှိစိုက်ပျိုးထားပုံ



# ပြင်ဦးလွင်စိုက်ခင်းတွင် တပ်ဆင်ထားသော ရေဖျန်းစနစ်





# ဖြတ်ပန်းများအား မန္တလေး၊ ရန်ကုန်ရှိ Customer များဆီသို့ ပို့ရန် ထုပ်ပိုး ပြင်ဆင်နေပုံ။



# ပြင်ဦးလွင်တွင် စိုက်ပျိုးထားသော ပန်းများ၏ ထွက်နှုန်း

| ပန်းအမည် | ပျိုးပင်အရေအတွက်/ဧက | ပန်းပွင့်ရန်ကြာချိန် (ရက်) | ပန်းပွင့်သည့်အလေ့အထ | ပန်းပွင့်နိုင်သော အရေအတွက်/ပင် | လက်ကားဈေး /ပွင့် (ကျပ်) | ဝင်ငွေ (ကျပ် သိန်း) |
|---|---|---|---|---|---|---|
| ဒေစီ | ၄၀၀၀၀-၄၂၀၀၀ | ၉၀ | နှစ်ရှည်(၃နှစ်) | ၃၀-၅၀ | ၁၅၀ | ၁၈၀ |
| နေကြာ | ၄၀၀၀၀-၄၂၀၀၀ | ၅၀ | ရာသီ | ၁ | ၈၀၀ | ၂၄၀ |

# ပန်းစိုက်ပျိုးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းက ဘယ်သူတွေကို အကျိုးပြုနိုင်လဲ။

- ပန်းကို သဘာဝအတိုင်း ဖြတ်ရောင်းပန်းခိုင် အနေဖြင့် ရောင်းချနိုင်သလို အလှဆင်ပန်းများအတွက် ဈေးကွက်သို့ တင်ပို့ရာတွင် ရိတ်သိမ်းချိန် နောက်ပိုင်း တာရှည်ခံရန် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဈေးကွက်သို့ လျှင်မြန်စွာ ရောက်ရှိဖို့အတွက် သယ်ယူပို့ဆောင်ရေးသည်လည်း အရေးကြီးပါသည်။

# ပန်းစိုက်ပျိုးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းက ဘယ်သူတွေကို အကျိုးပြုနိုင်လဲ။

- မွမ်းမံပြင်ဆင်၍ အခြားသော လူသုံးကုန်ပစ္စည်းများ ဥပမာအားဖြင့် အစားအသောက် ပြုလုပ်ခြင်း၊ ဆပ်ပြာခဲပြုလုပ်ခြင်း၊ အလှကုန်ပစ္စည်း ပြုလုပ်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ပြုလုပ်ခြင်း၊ အဖြစ် ပြောင်းလဲနိုင်ခြင်းဖြင့် ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းတွေကိုလည်း များစွာဖန်တီးပေးနိုင်ပါသည်။

# ၃- နည်းပညာဖြန့်ဝေရေးကဏ္ဍ

ကုမ္ပဏီမှ ပန်းမျိုးသစ်များကို တင်သွင်းစမ်းသပ်စိုက်ပျိုးခြင်း၊ နည်းပညာသစ်များကို စမ်းသပ်ခြင်းများ ပြုလုပ်ပြီး အောင်မြင်သော ပန်းမျိုးသစ်များနှင့် စိုက်ပျိုးရေးနည်းပညာသစ်များကို ပန်းစိုက် တောင်သူများအား မျှဝေရန် ရည်ရွယ်ပါသည်။

2018 ခုနှစ်မှစ၍ တောင်အာရှ၊ အရှေ့တောင်အာရှ ဒေသအတွင်း မြန်မာနိုင်ငံ
သစ်သီးဝလံ၊ ပန်းမန် စိုက်ပျိုးခြင်းနှင့် ပန်းအလှဆင်ခြင်း အတတ်ပညာ၊
သုတေသနနှင့် သရုပ်ပြဌာနအဖြစ် YAAS နှင့်အတူ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေး
ကျင်တော်ယန်းဘုရား။ ပြင်ဦးလွင် ပန်းစိုက်ခင်းတို့တွင် ပန်းအလှဆင်ခြင်း
သင်တန်းများကို အခမဲ့ ပို့ချ ပေးခဲ့ပြီးဖြစ်ပါသည်။

# ရန်ကုန်တက္ကသိုလ်တွင် ပန်းထိုးသင်တန်း ပို့ချခဲ့ပုံ



*

နယ်သာလန်မှ လီလီပန်းစိုက်ပညာရှင်မှ လီလီစိုက်ပျိုးရေး နည်းပညာ သင်ကြားပို့ချနေပုံ၊ မန္တလေးတိုင်း စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဆရာဦးကျင်မောင်မှ တက်ရောက် အမှာစကား ပြောကြားခဲ့ပါသည်။



# 昆明滇王花卉有限公司在缅举行免费百合种植技术培训会

【本报讯】近期，昆明滇王花卉有限公司在曼德勒省彬伍伦举行免费百合种植技术培训会，活动在彬伍伦Royal Reward Resort一楼会议厅举行。活动上荷兰范登博斯亚洲销售经理巴尔特先生、曼德勒农业部部长U Kyin Mg、眉谬农业部部长暨东芝鲜切花卉种植户意向投资商户参加了活动。

活动上昆明滇王花卉有限公司负责人介绍了，公司旗下的Top of the top trading Co.,Ltd.的业务范围和发展愿景暨百合的投资焦点问题介绍。邀请来自荷兰的范登博斯先生给来宾介绍百合种植，温室，花卉市场等信息。缅方也表示，愿意支持新兴种植技术的传播，快速发展，提高花卉产业的竞争力。最后是种植户问答环节。

云南毗邻东南亚地区有着先天的地理优势，因此为响应中国政府一带一路的发展思路，昆明滇王花卉有限公司引进了先进技术，推动产业缅甸的鲜花发展得到了缅甸政府的支持与肯定。来自荷兰的国际顶尖育种商范登博斯，志愿让他们的鲜花开到世界上每一个国家的家庭里，恰好迎合了缅甸人民对美丽的鲜花的热爱之心。经过2015年眉谬示范基地的实践得出缅甸自身拥有种植出顶级鲜花的自然条件。而且目前在供应时间上可以与中国的鲜切花可以形成互补的关系。缅甸本地种植鲜切花从市场补充到自己自足，运输距离更短，费用成本更低，最终受益的必将是缅甸人民。花卉产业增加就业岗位，在缅甸物美价廉的鲜切花将成为大众日常消费品。

昆明滇王花卉有限公司成立于2011年11月28日，是一家以全国重点花卉市场——"斗南国际花卉产业园区"为依托，以云南"建飞面向南亚、东南亚为辐射中心"的发展战略为方向，面向东南亚国家的综合贸易公司。公司主要从事鲜花贸易及东南亚航空物流相关业务。目前形成了"花卉种植基地+产业示范基地+花农合作社+公司"的经营模式。公司目前拥有缅甸Top of the top trading Co., ltd.和柬埔寨DIANWANG IM－EX TRADING（Cambodia）Co.,Ltd两家境外子公司及云南航科物流有限公司子公司。


面向南亚东南亚国家观赏园艺研发辐射中心
（缅甸）

# လက်ရှိ ရင်ဆိုင်နေရသော ပြဿနာများ

၁။ စိုက်ပျိုးရေး နည်းပညာ နှင့် စိုက်ပျိုးရေးသုံး ပစ္စည်းများ မပြည့်စုံခြင်း။

၂။ ပျိုးပင်နှင့် မျိုးစေ့များ အမျိုးအစား မစုံလင်ခြင်း။

၃။ ပိုးမွှားနှင့် ရောဂါများကို နိုင်နိုင်နင်းနင်း နှိမ်နှင်းနိုင်စွမ်း မရှိသေးခြင်း။

# စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက် သုတေသနပြုလိုသည့် လုပ်ငန်းများ

၁။ ယူကလစ်အပင် သေဆုံးမှုများခြင်းနှင့် စက်တင်ဘာလနောက်ပိုင်း

အရွက်ထွက်နှုန်း နည်းခြင်း။

၂။ ဒေစီပန်းများ ရိုးတံတိုခြင်းနှင့် ပိုးကျများခြင်း။

၃။ ဖလပန်း တစ်နှစ်ပတ်လုံး ပန်းပွင့်နည်းခြင်း။

၄။နေကြာပန်း၏ အပွင့်အရွယ်အစား ကြီးစေလိုခြင်း။

# စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက် သုတေသနပြုလိုသည့် လုပ်ငန်းများ

၅။ ကာနေရှင်းပန်း၏ ရိုးတံနှင့် ပန်းပွင့်အရွယ်အစား ကြီးစေလိုခြင်း။

၆။ ပလတ်စတစ်မိုးလုံအဆောက်အဦးတွင် အသုံးပြုသည့် ပလတ်စတစ်အရည်အသွေးအလိုက် နေရောင်ခြည်ပြင်းအား၊ အပူချိန်ပြောင်းလဲသွားမှုတို့ဖြင့် ဆက်စပ်၍ ပန်း၏အရည်အသွေးပေါ် အကျိုးသက်ရောက်မှုများ

# စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက် သုတေသနပြုလိုသည့် လုပ်ငန်းများ

၇။ ဈေးကွက်နှင့် ကိုက်ညီသော အရည်အသွေးကောင်း ပန်းမျိုးသစ်များနှင့်
စိုက်ပျိုးနည်းစနစ်သစ်များအား သုတေသနပြု ဖော်ထုတ်၍
ဈေးကွက်ချိတ်ဆက်ခြင်း စီမံကိန်းအား ပူးပေါင်းဆောင်ရွက်လိုပါသည်။

# ကျေးဇူးတင်ပါသည်။

ဒေါ်ဖွေးဖွေးသန့်
ဒါရိုက်တာ
အေးရှားဖလားဝါးမောမြန်မာကုမ္ပဏီလီမိတက်
09254817967
asiaflowermall.mm@gmail.com
အမှတ်၅၀၁၈၊ လားရှိုးလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊
ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်